ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ်ခရီးစဉ်တွင် အသစ်ချခဲ့သော ကားလမ်းအစီအစဉ်အတွက် စစ်မှန်သောပြည်သူတို့၏ ဆန္ဒကို မရခဲ့

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၁၅ ရက်၊ ၂၀၀၃ ခုနှစ်။

ကာကွယ်ရေး ဝန်ကြီးဌာန စစ်ရုံးချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ပြီးခဲ့သည့် ကရင်ပြည်နယ် ခရီးစဉ်တွင် အသစ်ချခဲ့သော တရနာ–ကျုံဒိုး ကားလမ်းသစ်အတွက် ပြည်သူများ၏ ဆန္ဒကို ရယူရာတွင် စစ်မှန်သောဆန္ဒကို မရရှိခဲ့ကြောင်း ဒေသခံများက ပြောပြခဲ့ပါသည်။

နအဖစစ်အာဏာပိုင်တို့မှ ချမှတ်ခဲ့သော ဂျိုင်းမြစ်၏ ကမ်းနှစ်ဖက်စလုံး၌ လမ်းတစ်လမ်းစီ ဖောက်လုပ်ရေးအစီအစဉ်တွင် ဘားအံမြို့နယ်ဘက်ကမ်းလမ်းအတွက် ပြည်သူများ၏ဆန္ဒကို ရယူရန် ဘားအံမြို့နယ် ဇာသပြင်တိုက်နယ်ကို သွားရောက်ခဲ့ပါသည်။

ဆန္ဒခံယူပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ၄င်းလမ်းအသစ် ဖောက်လုပ်ရာတွင် ပြည်သူများ၏ ဆန္ဒကိုမေးလျှင် ''ဖောက်မယ်လို့'' ပြောနိုင်သူ နအဖလက်ကိုင်တုတ်များနှင့် ရွာမှ မသိမနားလည်သောသူများကိုသာ မြို့နယ်ဒေသခံ နအဖစစ်အာဏာပိုင်တို့က စည်းရုံးခေါ်ယူခဲ့ပြီး ၄င်းအခမ်းအနားသို့ အတင်းတက်ခိုင်းခဲ့သည်ဟု ဒေသခံများက ပြောနေကြပါသည်။

၄င်းဆန္ဒခေါ်ယူပွဲကို ''ဒီနယ်ခံနအဖအာဏာပိုင်တွေက ဇာသပြင်တိုက်နယ်မှာရှိတဲ့ ရွာတွေမှာ လူတိုင်းကို မခေါ်ယူပဲ၊ ရွာထဲမှာရှိတဲ့ မသိမနားလည်သောသူတွေကို တရွာလျှင် အယောက် ၅၀ စုပြီး တက်ခိုင်းတယ်၊ နားလည်တဲ့သူတွေ ပညာတတ်သူတွေကို တက်ခိုင်းလျှင် သူတို့၏ စီမံကိန်းကို ကန့်ကွက်မှာ စိုးရိမ်တယ်။ ပြီးရင် ဒုတိယဗိုလ်ချုပ်ကြီးကို ကလန်ကဆန်လုပ်မှာ စိုးလို့ပဲ'' ဟု ဇာသပြင်ရွာသားတို့က ပြောနေကြပါသည်။

သို့သော် ပြီးခဲ့သည့်နှစ်တွင် နအဖစစ်အာဏာပိုင်တို့မှ မိမိတို့ချမှတ်ခဲ့သော မိုင် ၃၀ ကျော်ရှည်သည့် ၄င်းလမ်းများကို ဖောက်လုပ်ရာမှာ ဒေသခံရွာသားများကို အတင်းအဓမ္မ စေခိုင်း ဖောက်လုပ်ခဲ့သည့်အတွက်ကြောင့် ဒေသခံရွာသားများက ကြောက်လန့်နေကြနေပါသည်။

ရွာသူရွာသားများ၏ အဓမ္မလုပ်အားနှင့် လုပ်ခဲ့သည့်အတွက်ကြောင့် ဖောက်လုပ်ခဲ့သည့် ၄င်းလမ်း၏ အစိတ်အပိုင်းများသည် ယခုနှစ်မိုးဒဏ်ကြောင့် များစွာ ပျက်စီးခဲ့ပါသည်။ ပျက်စီးနေသည့် ၄င်းလမ်းကို တွေ့မြင်ခဲ့သော အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နအဖတာဝန်ခံများသည် ပျက်စီးနေသောလမ်းကို မယူဘဲ အသစ်ဖောက်လုပ်ရန် စီစဉ်ခဲ့ပြန်သည်။

၄င်းအစီအစဉ်ကြောင့် ဒေသခံများ၏ ဆန္ဒကို ရယူခဲ့ပြီး လမ်းလုံခြုံရေးအတွက် မွန်ပြည်သစ်ပါတီ သထုံခရိုင်အနားတွင် တပ်ရင်းအသစ်တည်ဆောက်ရန် စီစဉ်ချခဲ့ပြီး ဒေသခံရွာသားများမှ လယ်ယာခြံမြေများကို သိမ်းယူခဲ့ပြန်ပါသည်။